## Ken Ken Puzzle မိတ်ဆက်

Ken ဆိုသည်မှာ ဂျပန်ဘာသာအရ ပညာရှိခြင်း (Wisdom) ဟူသည့် အဓိပ္ပါယ်ရသည်။ Ken Ken ဆိုသည်မှာ စတုရန်းပညာ (Wisdom Square) ဟု အဓိပ္ပါယ်ရသည်။ Ken Ken Puzzle ၏ မူလဂျပန်အမည်မှာ "The Kashikoku Puzzle" ဟု ခေါ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ "သင့်ကိုဉာဏ်ထက်မြက်စေသော ပဟေဠိ"ဟူ ဖြစ်သည်။ Ken Ken Puzzle ကို စတင်တီထွင်ခဲ့သူမှာ Tetsuya Miyamoto တက်ဆုရမီယာမိုတို ဆိုသူဖြစ်သည်။ ၂၀၀၄ တွင် စတင်တီထွင်ခဲ့၍ ၎င်း၏ စိတ်ကူးမှာ "သင်ကြားစရာမလိုသော သင်ကြားခြင်းအနုပညာ" (The art of teaching without teaching) ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့် ကလေးများကို ပေါ့ပေါ့ပါးပါးနှင့် သင်ယူရလွယ်ကူစေရန် ဖြစ်သည်။



Ken Ken Puzzle ကို ကြောက်စရာမလိုပါ။ ၎င်းကို ဖြေရှင်းနိုင်သော ရိုးရှင်းသော နည်းလမ်းများဖြင့် လွယ်လွယ်ကူကူ ဖြေရှင်းနိုင်အောင် ဖြေရှင်းနည်းများဖြင့် လမ်းညွှန်ပြသထားပါသည်။ သင်တစ်ယောက်တည်း(သို့မဟုတ်)သင့်သူငယ်ချင်းနှင့်အတူ ဖြေရှင်းနည်းများကိုဖတ်ရှု၍ ကစားနိုင်ပါသည်။ Ken Ken ပဟေဠိကို ကစားခြင်းဖြင့် အပျင်းပြေကာ သင်္ချာစွမ်းရည်နှင့် Logic နည်းကျကျ စဉ်းစား တွေးခေါ်နိုင်သော စွမ်းရည်ကို တိုးတက်စေပါသည်။ ယခုစာအုပ်သည် စတင် ကစားမည့်သူများအတွက် လွယ်ကူစေရန် Grade 4 မှ စ၍ ကစားနိုင်မည့် ပုစ္ဆာများသာ ထည့်သွင်းထားပါသည်။ လူကြီးလူငယ် မရွေး ဉာဏ်ရည်လေ့ကျင့်လိုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။